ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်(၈ /၂၀၂၆)

| | | |
|---|---|---|
| ဦးချမ်းညိမ်းအောင် (အလုပ်သမား)<br>အမှတ်(၂၆)၊ ရွှေဘုံသာ(၂)လမ်း၊ လှိုင်သာယာ<br>(အရှေ့ပိုင်း)မြို့နယ်။<br>၀၉-၆၇၅၆၅၂၅၇၉ | } | တောင်းဆိုသူ |

နှင့်

| | | |
|---|---|---|
| ဦးကျော်ခိုင်လင်း(အလုပ်ရှင်)<br>Hua Sheng Garment & Garment Wash Co.,Ltd<br>(ရေလျှော်လုပ်ငန်း)၊ ဦးတင့်ဦးလွင်၊ (အလုပ်ရှင်၏<br>ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ အမှတ်(၄၃၉)၊<br>ဆိပ်ကမ်းသာလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊<br>လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။<br>၀၉-၄၂၂၉၃၂၂၅၄၊ ၀၉-၇၆၂၀၀၇၉၅၁ | } | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၄၃၉)၊ ဆိပ်ကမ်းသာလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ဦးကျော်ခိုင်လင်း (အလုပ်ရှင်)၊ Hua Sheng Garment & Garment Wash Co.,Ltd (ရေလျှော်လုပ်ငန်း)နှင့် ဦးချမ်းညိမ်းအောင် (အလုပ်သမား) တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်။** အလုပ်ရှင်က ဦးချမ်းညိမ်းအောင်(အလုပ်သမား)အား မူလရာထူးဖြင့် အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့် (သို့မဟုတ်) ဥပဒေပါ နစ်နာကြေး၊ နို့တစ်ကြေးပေးရန် သင့်/မသင့်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၄၃၉)ရှိ ဦးကျော်နိုင်လင်း (အလုပ်ရှင်) ပိုင်ဆိုင်သော Hua Sheng Garment & Garment Wash Co.,Ltd (အထည်ချုပ်စက်ရုံ) က ဦးချမ်းညိမ်းအောင် (အလုပ်သမား)ကို အလုပ်မှရပ်စဲခဲ့သဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်ကိစ္စနှင့်ပတ်သက်၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းပေးသော်လည်း ပြေလည်မှုမရှိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမား ဦးချမ်းညိမ်းအောင် ထွက်ဆိုတင်ပြရာတွင် (၁၈-၂-၂၀၁၉) ရက်နေ့မှစ၍ အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့ရာ Leader ရာထူးသို့ တိုးမြှင့်ရရှိခဲ့ပြီး ရက်ပြည့်လုပ်ကိုင်သည့်လများတွင် ခေါင်းဆောင်ကြေးအပါအဝင် လစာငွေ ၁,၂၀၀,၀၀၀ ကျပ်ခန့်ရရှိခဲ့ပါကြောင်း၊ ခေါင်းဆောင်ကြေးကို စက်ရုံပိုင်ရှင်ကိုယ်တိုင် စာအိတ်ဖြင့် ခေါ်ယူပေးခြင်းဖြစ်ပါကြောင်း၊ EC စာချုပ် ချုပ်ဆိုထားပါကြောင်း၊ အလုပ်လုပ်ခဲ့သည့်ကာလများတွင် မည်သည့်ပြစ်မှုမျှ မဖောက်ဖျက်ခဲ့ပါကြောင်း၊ ဆေးခွင့်ယူသည့် အချို့ရက်များတွင် မလိုသည်ဟုယူဆသဖြင့် ဆေးလက်မှတ်များ စက်ရုံတာဝန်ရှိသူများထံ တင်ပြရန် ပျက်ကွက်ခဲ့ကြောင်း၊ ၁၁-၈-၂၀၂၆ ရက်နေ့၊ ၁၂-၈-၂၀၂၆ ရက်နေ့နှင့် ၁၃-၈-၂၀၂၆ ရက်နေ့တို့တွင် ဆေးခွင့်ယူခဲ့ပြီး ၁၄-၈-၂၀၂၆ ရက်နေ့တွင် ရောဂါမသက်သာသဖြင့် ဆေးခွင့်ထပ်မံယူနေစဉ် စက်ရုံဘက်မှ အလုပ်ထုတ်ပယ်သည်ကို တပည့်ဖြစ်သူ ကိုထူးကိုနှင့် ကိုဇော်ဝင်းထွန်းတို့၏ ဖုန်းဖြင့်ဆက်သွယ်ပြောကြားမှုအရ သိရှိရပါကြောင်း၊ ၇/၂၀၂၆ လတွင် ပျက်ကွက်ရက်များသဖြင့် မန်နေဂျာမှ ထိုးနိုင်းသည့် သတိ

ပေးစာနှင့် အလုပ်ပျက်ရက်များကြောင့် အလုပ်ထုတ်သည်ဟု သိရှိရပါကြောင်း၊ လက်မှတ်ရေးထိုးခဲ့သည့် သတိပေးစာသည် နောက်ဆုံးအကြိမ်ဟု ပြောကြားပြီး လက်မှတ်ရေးထိုးခိုင်းခြင်း မဟုတ်ပါကြောင်း၊ ၆/၂၀၂၆ လနှင့် ၇/၂၀၂၆ လတို့တွင် အမျိုးသမီးနေမကောင်းသဖြင့် သုခစုစ်ဆေးရုံတွင် ဆေးကုသရန် ဆေးခွင့်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၇/၂၀၂၆ လအတွက် ခေါင်းဆောင်ကြေးမရရှိခဲ့ပါကြောင်း၊ စက်ရုံဘက်မှ မတရားအလုပ်ထုတ်ခြင်းဖြစ်၍ မူလအလုပ်နှင့် ရာထူးကိုသာ ပြန်လိုချင်ပါကြောင်း၊ မည်သည့်နစ်နာကြေးကိုမျှ မယူလိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ အလုပ်ရှင်ကိုယ်စား မန်နေဂျာ ဦးတင့်ဦးလွင်မှ ထွက်ဆိုရာတွင် အလုပ်သမား ဦးချမ်းညိမ်းအောင်သည် ၁၈-၂-၂၀၁၉ ရက်နေ့တွင် ရေလျှော်ဌာန၊ ရိုးရိုးလုပ်သား(Operator) ရာထူးဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး တစ်ရက်လျှင် အခြေခံလစာထောက်ပံ့ကြေးအပါအဝင် ၁၁,၅၀၀ ကျပ်၊ စက်ရုံထောက်ပံ့ကြေးမှာ ၃,၇၀၀ ဖြစ်ပါကြောင်း၊ ခေါင်းဆောင်ကြေးအား သူဌေးမှ တိုက်ရိုက်ခေါ်ယူ၍ စာအိတ်ဖြင့် ပေးခြင်းဖြစ်ပါကြောင်း၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄ နှင့် ၄/၂၀၂၅ လအထိ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်းမရှိပါကြောင်း၊ ၅/၂၀၂၅ မှစ၍ ခွင့်ယူရက်များ များပြားလာကြောင်း၊ ခွင့်တင်ပြရာတွင် စာရွက်စာတမ်းများ ပြည့်စုံစွာတင်ပြခြင်း မရှိပါကြောင်း၊ ၄/၂၀၂၆ လတွင် (၂) ရက်၊ ၅/၂၀၂၆ လတွင် (၆) ရက် ပျက်ကွက်ခဲ့ကြောင်းနှင့် နှုတ်ဖြင့် အကြိမ်ကြိမ်သတိပေးထားပါကြောင်း၊ ၈/၂၀၂၆ လတွင် လစာမဲ့ခွင့်ရက်များနေခြင်း၊ ၁၄-၈-၂၀၂၆ ရက်နေ့တွင် အလုပ်ဝင်ရောက်ရန်ဟု ဆေးလက်မှတ်တွင် ပါဝင်သော်လည်း စက်ရုံသို့ မလာရောက်ခြင်းနှင့် ဆေးမှတ်တမ်းပါအထောက်အထားများအရ ဆေးခန်းမှပေးသည့်ဆေးများမှာ ဓါတ်ဆားနှင့် အားဆေးအမျိုးအစားများသာဖြစ်နေခြင်း၊ စက်ရုံစည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းနှင့် ဌာနခွဲတစ်ခု၏ Leader ရာထူးယူထားသည့် ခေါင်းဆောင်တစ်ဦးအနေဖြင့် အလုပ်ပျက်ရက်များနေသည်မှာ စက်ရုံအနေဖြင့် များစွာအခက်အခဲရှိနေခြင်းတို့ကြောင့် ၁၇-၈-၂၀၂၆ ရက်နေ့တွင် အလုပ်ရပ်စဲခဲ့ခြင်းဖြစ်ပါကြောင်း၊ နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးများကို ဥပဒေပါအတိုင်း ပေးချေဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် အလုပ်ပြန်ခန့်ရန် အဆင်မပြေပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

**သုံးသပ်ချက်**

၆။ Leader ဦးချမ်းညိမ်းအောင်သည် ၂၀၂၆ ခုနှစ်အတွင် ဆေးခွင့်၊ လစာမဲ့ခွင့်တို့ အကြိမ်ကြိမ်ယူခဲ့ခြင်းနှင့် ဆေးခွင့်ယူသည်ဟုဆိုရာတွင် ကုသရန်အချိန်ယူရသည့် ရောဂါတစ်စုံတစ်ရာ

ပြသနိုင်ခဲ့ခြင်းမရှိခြင်း၊ ဆေးခွင့်တောင်းခံသော်လည်း အလုပ်ပြန်လည်ဝင်ရောက်သည့်ရက်များတွင် ဆေးမှတ်တမ်းအထောက်အထားစာရွက်စာတမ်းများ စနစ်တကျ တင်ပြခဲ့မှုမရှိကြောင်းနှင့် အလုပ်ရှင်အနေဖြင့် စက်ရုံစည်းကမ်း ဖောက်ဖျက်မှုကြောင့် သတိပေးလက်မှတ်ရေးထိုးနိုင်းရာတွင် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် အဆင့်ဆင့်လက်မှတ်ရေးထိုး၍ သတိပေးထားခြင်းမရှိဘဲ နောက်ဆုံးအကြိမ် သတိပေးစာ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ Leader ရာထူးပေးထားသည့် အလုပ်သမားတစ်ဦးက ခွင့်ဖြင့် တရားဝင်ပျက်ကွက်နေသည်ဆိုသော်လည်း စက်ရုံ၏ကုန်ထုတ်လုပ်မှု မကျဆင်းရန်အတွက် အလုပ်တွင်လစ်လပ်နေသည့် Leader ရာထူးအတွက် သင့်လျော်သူတစ်ဦးအား ခန့်အပ်၍ အလုပ်ဆင်းရန်အကြိမ်ကြိမ်ခွင့်ဖြင့် ပျက်ကွက်နေသူ ဦးချမ်းညိမ်းအောင်အား နို့တစ်ကြေးအပါအဝင် ဥပဒေပါနစ်နာကြေးများပေးချေပြီး အလုပ်မှရပ်စဲခဲ့သည်မှာ စက်ရုံ၏စီမံခန့်ခွဲပိုင်ခွင့်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်သည်။

၇။ ဦးချမ်းညိမ်းအောင်၏ နောက်ဆုံးလစာပြည့်ထုတ်ယူခဲ့သည့် ၇/၂၀၂၆ လစာသည် အချိန် ပိုကြေးမပါ ငွေကျပ် ၂၆၇,၆၄၀ ဖြစ်ကြောင်းနှင့် အလုပ်သမားဝန်ကြီးဌာန၏ ၃-၇-၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)အရ လုပ်သက်(၆)နှစ်ပြည့်ပြီး(၈)နှစ်မပြည့်ပါက နစ်နာကြေး ငါးလစာဟု ဖော်ပြပါရှိသဖြင့် နစ်နာကြေးငါးလစာအတွက် ငွေကျပ် ၁,၃၃၈,၂၀၀ ဖြစ်ကြောင်း သုံးသပ်ရသည်။

**ဆုံးဖြတ်ချက်။** အလုပ်ရှင်က အလုပ်သမား ဦးချမ်းညိမ်းအောင်အား နို့တစ်ကြေးတစ်လစာ ငွေကျပ် ၂၆၇,၆၄၀၊ ဥပဒေအရ အလုပ်ရပ်စဲမှုနစ်နာကြေး ငါးလစာ ငွေကျပ် ၁,၃၃၈,၂၀၀၊ စုစုပေါင်းကျပ် ၁,၆၀၅,၈၄၀ (ကျပ်တစ်ဆယ်ခြောက်သိန်း ငါးထောင်ရှစ်ရာလေးဆယ်တိတိ) ပေးချေရန်နှင့် အလုပ်ပြန်ခန့်ရန် မလိုကြောင်းဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

၈။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(မင်းဇော်) — အတွင်းရေးမှူး

(လွင်လွင်မြင့်) — ဥက္ကဋ္ဌ

(ကျော်ရှိဦး) — အဖွဲ့ဝင်

(ဒေါ်ကျင်အေး) — အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး) — အဖွဲ့ဝင်

( လစ်လပ် ) — အဖွဲ့ဝင်

(မြင့်အောင်) — အဖွဲ့ဝင်

(ကျော်ကျော်ညွန့်) — အဖွဲ့ဝင်

(စောတင်) — အဖွဲ့ဝင်

(စိုးလွင်) — အဖွဲ့ဝင်

(ငြိမ်းမောင်) — အဖွဲ့ဝင်